# အရာခပ်သိမ်းကို စုံစမ်းစစ်ဆေးခြင်း

YR C
NO. 43

**အလွတ်ကျမ်းချက်။ ။ သက်သာလောနိတ်ဩဝါဒစာ ပဋ္ဌမစောင် ၅း၁၉-၂၁**

“ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်။
ပရောဖက်ပြုခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်။
ခပ်သိမ်းသော အရာကိုစုံစမ်း၍၊
ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့။”





## တနင်္ဂနွေနေ့ ၊ ဘုရားသခင်၏တံဆိပ် ၁

စိတ်ဓာတ်အကြီးအကျယ်ကျခြင်းပြီး နောက်လများတွင်၊ မြော်လင့်ခြင်းယုံကြည်သူများသည် နောက်ဆုံးသောအချိန်ကာလ အကြောင်းနှင့်ပတ်သတ်သော ပရောဖက်ပြုချက်တို့ကို နားလည်ရန် ကြိုးစားခဲ့သည်။ ၎င်းသည် ခက်ခဲသော ဉာဏ်စမ်းရုပ်ဆက် ပဟေဠိကို လုပ်ဆောင်နေသည်နှင့် တူသည်။ သို့သော် မတူညီကွဲပြားခြားနားသောလူများသည် ပရောဖက်ပြုချက်များကို လေ့လာခဲ့ကြပြီး၊ ထို ခက်ခဲသောအရာကြီးများအတွက် အရေးကြီးသောအပိုင်းအစများကို တွေ့ရှိသောအခါမှာ ၎င်းသည် စိတ်လှုပ်ရှားစရာကောင်းသော အချိန်ဖြစ်လာခဲ့သည်။ ထိုအချိန်တွင်၊ ဤအပိုင်းအစများသည် အတူတကွ ဆက်စပ်ပူးပေါင်း၍ ဥပုသ်နေ့ကိုစောင့်ထိန်းပြီး မကြာမီ ယေရှုခရစ်ကြွလာမည့်အကြောင်းကို ဟောပြောခြင်းဖြင့် မြော်လင့်ခြင်းယုံကြည်သူများအား စည်းလုံးစေလိမ့်မည်။




လွန်ခဲ့သောအပတ်၌ ကျွန်ုပ်တို့သည် ဥပုသ်နေ့အကြောင်းနှင့်ပတ်သတ်ပြီး ဂျိုးဇက်ဘိတ်စ်က အ ဘယ်သို့လေ့လာခဲ့သည်ကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ ပထမတွင် သူသည် အခြားယုံကြည်သူများထက်ပို၍ ဤအမှန်တရား၏ အလွန်အရေးကြီးပုံကို မြင်တွေ့ခဲ့သည်။ သူသည် ဗျာဒိတ်ကျမ်း ၁၃၊ ၁၄ နှင့် ဒံယေလ အနာဂတ္တိကျမ်း ၇ တို့ကို လေ့လာသောအခါ၊ ဥပုသ်နေ့သည် ဘုရားသခင်၏တံဆိပ် (အမှတ်အသား) ဖြစ်ကြောင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းနေ့ရက်ကို ဥပုသ်နေ့မှ တနင်္ဂနွေသို့ပြောင်းလိုက်ခြင်းသည် ကက်သလစ်အသင်းတော်၏ ဩဇာအခွင့်အာဏာ၏ အမှတ်အသားတံဆိပ်ဖြစ်ကြောင်းကို တဖြည်းဖြည်း နားလည်လာခဲ့သည်။

ထိုသို့ဆိုသော်၊ တံဆိပ်ဆိုသည်မှာ အဘယ်နည်း။ တံဆိပ်ဆိုသည်မှာ ၎င်းသည် မှန်ကန်ကြောင်းနှင့် အစစ်အမှန်ဖြစ်ကြောင်း စာတမ်းစာရွက်တစ်ခုကိုပူးတွဲ၍ သက်သေပြဖို့ရန် တရားဝင်အမှတ်အသားတစ်ခု သို့မဟုတ် လက္ခဏာသက်သေတစ်ခု ဖြစ်သည်။ တံဆိပ်တွင် အရေးကြီးသောအပိုင်းသုံးခုရှိသည်၊ ၎င်းမှာ တရားဝင်အမည်၊ ခေါင်းစဉ် သို့မဟုတ် ရာထူးနှင့် သူ၏ဩဇာအာဏာအောက်တွင်ရှိသော နယ်ပယ်ဒေသတို့ဖြစ်သည်။ ဥပမာ၊ ဂျော့ဂျ်ဝါရှင်တန်၊ သမ္မတ၊ အမေရိက။

တရားဝင်ဥပဒေ (ပညတ်) တိုင်းတွင် တံဆိပ်ရှိသည်။ ဘုရားသခင့်ပညတ်တော်၏တံဆိပ်မှာ အဘယ်နည်း။ ထွက်မြောက်ရာကျမ်း ၂၀: ၈-၁၁။ ဥပုသ်ပညတ်သည် ပညတ်တော်ဆယ်ပါးအား မည်သူ၏ အာဏာဖြင့်ပေးအပ်သည်ကို ကျွန်ုပ်တို့အားဖော်ပြသော ဘုရားသခင် ပညတ်တော်၏ အစိတ်အပိုင်းသာဖြစ်သည်။ ၎င်းက အမည်-ထာဝရဘုရား၊ ခေါင်းစဉ် ရာထူး-ဖန်ဆင်းရှင် နှင့် နယ်ပယ်ဒေသ- ကောင်းကင် (စကြဝဠာ) နှင့်မြေကြီး ဖြစ်သည်ဟု ပြောဆိုထားသည်။

ထို့ကြောင့် ဥပုသ်နေ့သည် ဘုရားသခင်၏တံဆိပ်ဖြစ်သည်။ သူ၏ပညတ်တော်ကို နားထောင်ခြင်းအား သတ္တမနေ့ဥပုသ်နေ့တွင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် ရွေးချယ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်အား သစ္စာရှိသောသူများဖြစ်ရန်နှင့် ကျွန်ုပ်တို့၏ အသက်တာ၌ သူ၏ဩဇာအခွင့်အာဏာကို လက်ခံဖို့ရန် ရွေးချယ်နေသည်ကို ပြသခြင်းဖြစ်ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ဥပုသ်နေ့ကိုပြောင်းလဲသူများသည် ပညတ်တော်ဆယ်ပါးဖြစ်သော ဘုရားသခင်၏ ပညတ်တော်က စစ်မှန်ကြောင်းသက်သေပြနေသည့် ဘုရားသခင်၏တံဆိပ်ခတ်ခြင်းကို ဖယ်ရှားလိုက်ခြင်းပင်ဖြစ်သည်။ စာတန်သည် မှန်ကန်သောဥပုသ်နေ့နှင့် ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ထိန်းနေသူများကို တိုက်ခိုက်နေခြင်းမှာ အံ့သြစရာမဟုတ်ပေ။ ဥပုသ်နေ့သည် ဘုရားသခင်အပေါ် သစ္စာရှိသောသူများ၏တံဆိပ် သို့မဟုတ် လက္ခဏာအမှတ်အသားဖြစ်ကြောင်း သင်တွေ့မြင်ပါသလား။ ထွက်မြောက်ရာကျမ်း ၃၁း၁၃။

## တနင်္လာနေ့ ၊ ဘိတ်စ် နှင့် အက်ဒ်ဆန် ၂

ဂျိုးဇက်ဘိတ်စ်သည် ဥပုသ်နေ့ - “ပဟေဠိ” ၏အလွန်အရေးကြီးသောအပိုင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် ဟီရမ် အက်ဒ်ဆန်နှင့် အပေါင်းအပါအုပ်စုငယ်လေးတို့သည် ဘုရားသခင်၏ ကောင်းကင်သန့်ရှင်းရာဌာနအကြောင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာပြောဆိုထားသည့်အရာများကို အသေအချာလေ့လာစဉ် နားလည်သဘောပေါက်ရန် ဘုရားသခင်က ကူညီပေးသောအခြား အရေးကြီးသောအပိုင်းနှင့် ချိတ်ဆက်ရန်လည်း လိုအပ်သည်။

ဂျိုးဇက်ဘိတ်စ်သည် အက်ဒ်ဆန်၏ရေးသားသောအကြောင်းအရာဆောင်းပါးကို ဖတ်မိသောအခါ၊ သူသည် အလွန်စိတ်ဝင်တစားဖြစ်ခဲ့သည်။

---

စတုတ္ထစမ်းသပ်စစ်ဆေးနည်းမှာ အဘယ်နည်း။ ရှင်ယောဟန်ဩဝါဒ ပဋ္ဌမစောင် ၄း၁-၃။ မှန်ကန်သောပရောဖက်သည် သခင်ယေရှုနှင့်ပတ်သက်သော ကျမ်းစာပြောဆိုရာအားလုံးကို လုံးလုံးလျားလျားသဘောတူလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ပရောဖက်တစ်ဦး၏ ဖော်ပြပြောဆိုချက်များကို စစ်ဆေးရန် တစ်ခါတစ်ရံအချိန်ကြာတတ်သည်။ ကြိုတင် ဟောကြားချက်တစ်ခုကို ဖြစ်ပျက်သည် သို့မဟုတ် မဖြစ်ပျက်သေးသည့်အထိ စမ်းသပ်စစ်ဆေး၍မရနိုင်ပါ။ ထို့အပြင်၊ လူတစ်ဦးလုပ်ဆောင်မှု၏ အသီးအပွင့်သည် ချက်ချင်းပေါ်လာသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် “ပရောဖက်၏” ဖော်ပြပြောဆိုချက်များကို သည်းခံပြီး ဂရုတစိုက် စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ သက်သာလောနိတ်ဩဝါဒစာ ပဋ္ဌမစောင် ၅း၂၀၊ ၂၁။

## သောကြာနေ့ ၊ ဘုရားသခင်ထံမှ သတင်းသယ်ဆောင်လာပေးသူ ၆

မနေ့က ပရောဖက်ဖြစ်သည်ဟု မိမိကိုယ်ကိုဖော်ပြပြောဆိုသူတစ်ဦးသည် ဘုရားသခင်ထံမှလာသူ အမှန်တကယ်ဟုတ်မဟုတ် မည်သို့သိရကြောင်းကို ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သည်။ အယ်လင်ဝှိုက်၏ဘဝအသက်တာနှင့် လုပ်ဆောင်ချက်က သူမသည် ထိုသမ္မာကျမ်းစာနှင့်ဆိုင်သောစစ်ဆေးမှုများအားလုံးကို အောင်မြင်စွာဖြတ်ကျော်နိုင်ကြောင်း ပြသခဲ့သည်။ ဘုရားသခင်ကလည်း ၎င်းကို သူမ၏ရူပါရုံများရရှိချိန်အတွင်း သဘာဝလွန်ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများအားဖြင့် အတည်ပြုခဲ့သည်။

အယ်လင်ဝှိုက်၏အတွေ့အကြုံသည် သမ္မာကျမ်းစာမှပရောဖက်အချို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့သိထားသည့်အရာနှင့် ဆင်တူနေသည်။ ဥပမာအနေဖြင့်၊ ဒံယေလသည် ရူပါရုံရရှိနေစဉ် အဘယ်အရာဖြစ်ပျက်ခဲ့သနည်း။ ဒံယေလ အနာဂတ္တိကျမ်း ၁၀:၈၊ ၉၊ ၁၅-၁၉။ သူသည် ကောင်းကင်တမန်၏ စွမ်းအားတော်ဖြင့် ခွန်အားမရမချင်း သူ၌ခွန်အားမရှိကြောင်းကို သတိပြုပါ။ သူသည်လည်း ရူပါရုံရရှိနေစဉ် အသက်မရှူခဲ့ပါ။

ဤနည်းတူအရာများ အယ်လင်ဝှိုက်မှာ ဖြစ်ပျက်ခဲ့သည်။ သူမသည် ရူပါရုံရရှိနေစဉ် မကြာခဏ “ဘုန်းကြီးစေ၊ ဘုန်းကြီးစေ၊ ဘုန်းကြီးစေ၊” ဟု ခေါ်ဆိုပြီး၊ ကြမ်းပြင်သို့ တဖြည်းဖြည်းလဲကျလာခဲ့သည်။ အချိန်အတန်ကြာသော် သူမသည် ရူပါရုံတွင်ရှိနေစဉ်တွင် သူမ အားပြန်ရလာပြီး မတ်တတ်ရပ်နိုင်သည်။

သူမ၏လုပ်ဆောင်မှုအစောပိုင်းနှစ်များတွင်၊ ဂျိမ်းစ်ဝှိုက် (ခင်ပွန်းသည်) သည် သူမရူပါရုံရရှိစဉ်တွင် သူမအားစစ်ဆေးရန် လူများကို ဖိတ်ကြားခဲ့သည်။ တစ်ချိန်တွင်၊ သူမ၏ရူပါရုံကိုမယုံသောအလွန်အားကောင်းသော အမျိုးသားနှစ်ဦးသည် သူမ၏ခေါက်နေသော လက်များကို ခွဲထုတ်ရန် ကြိုးစားခဲ့သည်။ သို့သော် သူတို့ ၎င်းကို မအောင်မြင်တဲ့အခါ သူတို့ထဲမှ တစ်ယောက်က သူမရဲ့ လက်ချောင်းတစ်ချောင်းကို ရွှေ့ခွာဖို့ ကြိုးစားခဲ့သည်။ သူသည်လည်း ထိုအရာကို မရွှေ့ခွာနိုင်ခဲ့ပေ။ သူသည် သူမထက်နှစ်ဆလောက်အလေးချိန်ရှိသော်လည်း သူမလက်မောင်း၏နူးညံ့သောလှုပ်ရှားမှုများကို သူ မရပ်တန့်နိုင်ခဲ့ပါ။



ဗျာဒိတ်ရူပါရုံတစ်ခုကို ရရှိသည့်အချိန်အတွင်း၊ သူမ၏ဘယ်ဘက်လက်၌ ပေါင် ၁၈ ပေါင်ကျော်သော ဖွင့်ထားသော ကျမ်းစာအုပ်ကို ကိုင်ထားသည်။ သူမသည် သူမလက်ကိုဆန့်ပြီး နာရီဝက်ခန့်ကြာအောင် ၎င်းကျမ်းစာအုပ်ကို ကိုင်ထားခဲ့သည်၊ ခွန်အားကြီးသော သူတစ်ဦးပင်လျှင် ၎င်းကို နှစ်မိနစ်ခန့်သာ ကိုင်ထားနိုင်သည်။ သူမသည် အဝေးကိုမော့ကြည့်ပြီး သမ္မာကျမ်းစာကို ရှာဖွေနေသော်လည်း သူမသည် ၎င်း၏စာမျက်နှာများကိုဖွင့်၍ သူမဖတ်ရွတ်ဆိုသည့်ကျမ်းပိုဒ်တိုင်းကို မှန်ကန်စွာ ထောက်ပြပြောဆိုနိုင်ခဲ့သည်။

အံ့သြဖွယ်အကောင်းဆုံးနောက်တစ်ခုမှာ အယ်လင်ဝှိုက်သည် သူမ ရူပါရုံရရှိစဉ် အသက်မရှူခဲ့ချေ။ သူမသည် စကားပြောနေသောအခါမှာပင်၊ သူမ၏ပါးစပ်မှ လေမထွက်ခဲ့ချေပေ။ ဤအရာကို သူမ၏နှုတ်ခမ်းရှေ့တွင် ဖယောင်းတိုင်နဲ့သော်လည်းကောင်း၊ မှန်ကိုသော်လည်းကောင်း ကိုင်ထားခြင်းဖြင့် စမ်းသပ်ခဲ့သည်။

တောလည်ရာကျမ်း ၂၄း၄၊ ၁၆ ၌၊ ပရောဖက်ဘာလမ်၏မျက်စိသည် ရူပါရုံရနေစဉ်အတွင်း “ကျယ်ကျယ်ဖွင့်ထားသည်” ကို ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ အယ်လင်ဝှိုက်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။ ဗျာဒိတ်ရူပါရုံရသည့်အချိန်အတွင်းတွင် သူမရဲ့မျက်လုံးများသည် မပိတ်ခဲ့ချေ၊ မျက်လုံးတစ်စုံမှ တောင် မျက်တောင်ခတ်ခြင်းမရှိခဲ့ပါ။ သူမ၏မျက်စိတို့သည် ပွင့်နေသော်လည်း သူမသည် သူမဘေးပတ်လည်၌ရှိသောအရာများကို ကြည့်နေခြင်းမဟုတ်ပါ။ သူမသည် သူမအား ဘုရားသခင်ပြသပေးသောအရာများကိုသာ မြင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုကြွလာတော်မူရန်အဆင်သင့်ဖြစ်ရန် လိုအပ်သောအကူအညီကို ဘုရားသခင်သည် စေလွှတ်ပို့ပေးတော်မူသောကြောင့် ကျွန်ုပ်တို့အတွက် အလွန်ပင်ကျေးဇူးတင်စရာ ဖြစ်ပါသည်။ ဤအရာနှင့်ပတ်သတ်၍ သင့်ကိုယ်သင်လည်း ကိုယ်တိုင် ဆန်းစစ်ပါ။ ဘာကြောင့်လဲဆိုတော့ သူမ၏စိတ်ဝင်စားစရာကောင်းသော သုခဘုံလမ်း၊ ခရစ်တော်ထံသို့ သွားသောခြေလှမ်းများ၊ မဟာတိုက်လှန်ပွဲကြီး ကဲ့သို့သောစာအုပ်တစ်အုပ်ကို ဖတ်ခြင်းဖြင့် ဘာကြောင့် မစတင်သနည်း။ ရာဇဝင်ချုပ် ဒုတိယစောင် ၂၀:၂၀ ၌ရှိသောကတိတော်သည် သင့်အတွက်လည်းဖြစ်သည်။ သင့်အတွက် ဘုရားသခင်ပေးသော ကောင်းချီးမင်္ဂလာကို မလွှဲပါစေနှင့်။

**စစ်မှန်သောပရောဖက်တစ်ပါးကို စစ်ဆေးခြင်းများ**

**(၁) သမ္မာကျမ်းစာဆိုင်ရာ သတင်းစကားများ**

“တရားတော်ကိုငင်း၊ သက်သေခံတော်မူချက်ကိုငင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌ အာရုဏ်မတတ်သေး။” ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀

စစ်မှန်သောပရောဖက်၏သတင်းစကားများသည် သမ္မာကျမ်းစာ၌ရှိသောမည်သည့်အရာကိုမျှနဲ့ သဘောမတူမကိုက်ညီမှု ဘယ်တော့မှ မရှိပါ။ ဘုရားသခင်သည် ယနေ့၊ မနေ့၊ နောင်ကာလ မပြောင်းလဲသောဘုရားဖြစ်သည်။ သူသည် ပရောဖက်တစ်ပါးအားပြောသည့်အရာကို အခြားပရောဖက်များအားပြောခဲ့သောအရာနှင့် ဆန့်ကျင်ခြင်းမရှိပေ။

**(၂) တိကျသော ပရောဖက်ပြုချက်များ**

“ငြိမ်ဝပ်မည်အကြောင်းကို ဟောပြောသော ပရောဖက်ရှိလျှင်၊ သူ၏ စကားပြည့်စုံသောအခါ စင်စစ်ထာဝရဘုရား စေလွှတ်တော်မူသော ပရောဖက်ဖြစ်ကြောင်း ထင်ရှားလိမ့်မည်ဟု ပြောဆို၏။” ယေရမိအနာဂတ္တိကျမ်း ၂၈း၉

စစ်မှန်သောပရောဖက်တစ်ပါး၏ ကြိုတင်ဟောထားချက်တိုင်းသည် အသေးစိတ်လုံးဝမှန်ကန်တိကျလိမ့်မည်။ တရားဟောရာကျမ်း ၁၈း၂၁၊ ၂၂။ အချို့သောကြိုတင်ဟောထားချက်များသည် အခြေအနေပေါ်မူတည်သည်။ ၎င်းတို့သည် ဘုရားသခင်အား လူများ၏နားထောင်ခြင်း အပေါ်မူတည်သည်။ ယေရမိအနာဂတ္တိကျမ်း ၁၈း၇-၁၀။ ယောနအနာဂတ္တိကျမ်း ၃း၁-၁၀။

**(၃) ကောင်းသောအသီးအပွင့်များ**

“… မိစ္ဆာပရောဖက်တို့ကို သတိနှင့် ရှောင်ကြလော့… ထိုပရောဖက်တို့၏ အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်။” ရှင်မဿဲခရစ်ဝင် ၇း၁၅-၂၀

**၁။ ပရောဖက်အသက်တာ၏အသီးအပွင့်များ -**
စစ်မှန်သောပရောဖက်သည် ဘုရားဝတ်၌မွေ့လျော်သောအသက်တာဖြစ်ပြီး၊ သမ္မာကျမ်းစာဆိုင်ရာတရားတော်များနဲ့ ညီညွတ်သောအသက်တာဖြင့်အသက်ရှင်သည်။

**၂။ ပရောဖက်၏လုပ်ဆောင်ခြင်း (အကျင့်)၏ အသီးအပွင့်များ -**
စစ်မှန်သောပရောဖက်၏သတင်းစကားများသည် လူများအား ဘုရားဝတ်၌ မွေ့လျော်သောအသက်တာဖြင့် အသက်ရှင်နေထိုင်ဖို့ရန် လမ်းညွှန်ပို့ဆောင်ပေးသည်။ တရားဟောရာကျမ်း ၁၃း၁-၄။

**(၄) သခင်ယေရှုအကြောင်းနှင့်ပတ်သက်၍ မှန်ကန်သောယုံကြည်ချက်များ**

“ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား၊ လူဇာတိအားဖြင့်ကြွလာတော်မူသော ယေရှုခရစ်ကိုဝန်ခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်စပ်ဆိုင်၏။” ရှင်ယောဟန်ဩဝါဒစာ ပဋ္ဌမစောင် ၄း၁-၃

စစ်မှန်သောပရောဖက်သည် ဤအမှန်တရားများကို ယုံကြည်လိမ့်မည် - ယေရှုခရစ်သည် မှန်ကန်သောဘုရားနှင့် လူသားစစ်စစ်ဖြစ်ခဲ့သည်။ သူသည် ဤလောကကမ္ဘာ၌ အပြစ်ကင်းမဲ့စွာအသက်ရှင်နေထိုင်ခဲ့ပြီးနောက် ကျွန်ုပ်တို့အပြစ်များအတွက် အသေခံခဲ့၍ တဖန် ထမြောက်တော်မူပြီး ကောင်းကင်တဲတော်သန့်ရှင်းရာဌာနတော်၌ ကျွန်ုပ်တို့အတွက် အမှုထမ်းဆောင်နေသည်။ သူသည် တဖန်ပြန်ကြွလာတော်လိမ့်ဦးမည်ဖြစ်သည်။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

အမှန်တရားနှင့်ဆိုင်သောကိစ္စများနှင့်ပတ်သက်ပြီး မည်သူမျှ ပျင်းရိစရာမဟုတ်ပါ၊ ဘိတ်စ်သည် သူတွေ့ရှိခဲ့သော အရာများအကြောင်း ပိုမို၍သိရှိဖို့ရန် နယူးယောက် (New York) ၊ ပေါ့ထ်ဂစ်ဆန် (Port Gibson) ရှိ အက်ဒ်ဆန်၏အိမ်သို့ သွားခဲ့သည်။ ၎င်းသည် သူ့အတွက် အသစ်အဆန်းဖြစ်သော်ငြားလည်း ၎င်းက သမ္မာကျမ်းစာမှ တိုက်ရိုက်ဖော်ပြထားသည်ကို သူမြင်တွေ့ခဲ့သည်။

ထို့နောက် ဂျိုးဇက်ဘိတ်စ်က ဥပုသ်နေ့အကြောင်းနှင့် ပတ် သက်၍ သူသိရှိခဲ့သောအရာများကို ဟီရမ်အက်ဒ်ဆန်နှင့် သူ၏အပေါင်းအပါတို့အား ပြောပြခဲ့လေသည်။ သူပြောပြခဲ့သော၍အရာသည်လည်း သူတို့အတွက် အသစ်အဆန်းဖြစ်ခဲ့၏၊ သို့သော် ၎င်းသည် သမ္မာကျမ်းစာမှ တိုက်ရိုက်ဖော်ပြထားသည်ကို သူတို့လည်း မြင်တွေ့ခဲ့ကြလေသည်။ သူတို့သည် အတူတကွလေ့လာကြသောအခါ၊ ဥပုသ်နေ့နှင့် သန့်ရှင်းရာဌာနတော်နှင့်ပတ်သက်သောအမှန်တရားများ မည်သို့အံဝင်ခွင်ကျဖြစ်နေသည်ကို သူတို့စတင်တွေ့ရှိခဲ့ကြလေသည်။

သန့်ရှင်းရာဌာနတော်သည် ဥပုသ်နေ့၏အရေးကြီးကြောင်းကို အဘယ်သို့ပြသပေးခဲ့သနည်း။ ဓမ္မရာဇဝင်တတိယစောင် ၈း ၉။ ဘုရားသခင်သည် မိမိ၏လက်ညိုးတော်ဖြင့် ထိုကျောက်ပြားနှစ်ပြားပေါ်တွင် ပညတ်တော်ဆယ်ပါးကို ရေးခဲ့ပြီး၊ ပဋိညာဉ်သေတ္တာထဲတွင် ထားရန် ညွှန်ကြားခဲ့သည်။ ၎င်းပဋိညာဉ်သေတ္တာတော်သည် ကောင်းကင်ဘုံရှိဗိမာန်တော်၌ရှိသော ဘုရားသခင်၏ပလ္လင်တော်ကို ကိုယ်စားပြုသည်။ ဂျိုးဇက်ဘိတ်စ်နှင့် သူ့အပေါင်းအပါသူငယ်ချင်းများသည် ၎င်းအရာများကို စတင် နားလည်သဘောပေါက်လာသည်နှင့်အမျှ၊ ဘုရားသခင်သည် ကောင်းကင်ဗိမာန်တော်၌ပဋိညာဉ်သေတ္တာတော်နှင့်ပတ်သက်သော ယောဟန်၏ရူပါရုံကို ပြည့်စုံစေခဲ့သည်။ ဗျာဒိတ်ကျမ်း ၁၁း၁၉။

လေ့လာရန် အတွေးအခေါ်သစ်များနှင့် အမှန်တရားအသစ်များစွာနှင့် အခြားသူများအား ဝေမျှစရာများစွာ ရှိခဲ့ပါသည်။ ထိုအရာသည် ဂျိုးဇက်ဘိတ်စ်အတွက် အကြိုက်ဆုံး ဖြစ်လေသည်။ ဥပုသ်နေ့၊ သန့်ရှင်းရာဌာနတော်နှင့် မကြာမီယေရှုခရစ်ပြန်ကြွလာမည့် ပရောဖက်ပြုချက်များအကြောင်း လူတို့အား နားလည်စေဖို့ ကူညီရန် သူသည် နေရာတိုင်းသို့ သွားနေပုံရပါသည်။ များစွာသောလူတို့သည် စိတ်ဝင်စားခြင်းနှင့်အတူ နားထောင်ခဲ့ကြသည်။ ဘုရားသခင်၏အမှန်တရားသည် ပျံ့နှံ့သွားလေတော့သည်။

ဥပုသ်နေ့နှင့် သန့်ရှင်းရာဌာနတော်ကဲ့သို့သော အချို့သောအမှန်တရားများသည် ဂျိုးဇက်ဘိတ်စ်အတွက် နားလည်ရန်နှင့် လက်ခံရန် လွယ်ကူခဲ့သည်။ အခြားသောအမှန်တရားများသည် လက်ခံဖို့ရန် အလွန်မလွယ်ကူပေ၊ ၎င်းအကြောင်းများကို နောက်တစ်ရက်တွင် ကျွန်ုပ်တို့ တွေ့ရှိပါလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် ဤစိတ်အားထက်သန်သောကျမ်းစာကျောင်းသားများကို လမ်းပြဦးဆောင်နေသည်။ သူတို့သည် အသေအချာလေ့လာပြီး ဆုတောင်းနေကြစဉ် သမ္မာတရား၏ အလင်းသည် သူတို့၏နှလုံးသားများထဲသို့ ပိုမိုတောက်ပလာသည်၊ နံနက်သောက်ကြယ်ယေရှုခရစ်တော်သည် သူတို့အတွက် ပို၍အဖိုးတန်လာလေသည်။ သူ၏နှုတ်ကပတ်တော်သမ္မာကျမ်းစာကို ကျွန်ုပ်တို့သည် ဂရုတစိုက်၊ ဆုတောင်းခြင်းဖြင့်လေ့လာသောအခါတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားလည်း သွန်သင်လမ်းပြပေးလိမ့်မည်။ ရှင်ပေတရုဩဝါဒ ဒုတိယစောင် ၁း၁၉။

## အင်္ဂါနေ့ ။ ဂျိမ်းစ် နှင့် အယ်လင်ဝှိုက် ၃



Betty Lukens

ဂျိုးဇက်ဘိတ်စ်သည် အယ်လင်ဟာမွန်ကို နှစ်ကြိမ်တွေ့ဆုံဖူးသည်၊ သူသည် သူမ၏ရူပါရုံမှလာသော သူမ ပြောပြခဲ့သော သတင်းစကားများကို ကြားခဲ့ပြီးဖြစ်သည်။ သို့သော် သူသည် မိမိကိုယ်ကို “သံသယရှိသော သောမတ်စ်” ဟု ခေါ်တွင်ခဲ့သည်။ ဘိတ်သည် သူမကို စိတ်ရင်းမှန်သောခရစ်ယာန်တစ်ဦးဖြစ်သည်ဟု ထင်ခဲ့သော်လည်း၊ သူမ၏ကျန်းမာရေးမကောင်းခြင်းကြောင့် သူမအား အလွန်အမင်း စိတ်ကူးယဉ်မြင်နိုင်ခြင်း ဖြစ်စေခဲ့သည်ဟု သူသည် အံ့သြတွေးမိခဲ့သည်။ သူမကလည်း ဂျိုးဇက်ဘိတ်သည် ခရစ်ယာန်လူကြီးလူကောင်းတစ်ဦးဖြစ်သည်ဟု ထင်သော်လည်း၊ သူသည် သတ္တမနေ့ဥပုသ်ကို အလွန်အကျွံအလေးထားသွန်သင်ဟောပြောနေသည်ဟု သူမ ယုံကြည်ခဲ့သည်။

၁၈၄၆ ခုနှစ်၊ ဩဂုတ်လ ၃၀ တွင်၊ အယ်လင်ဟာမွန်နှင့် မြော်လင့်ခြင်းတရားဟောဆရာဖြစ်သော ဂျိမ်းစ်ဝှိုက်တို့သည် မိန်း၊ ဖော့တလန်၌ လက်ထပ်ခဲ့ကြသည်။ သူတို့သည် နောင်လာမည့် ၃၅ နှစ်လုံးလုံး ဘုရားသခင်အတွက် အတူတကွ အမှုတော်လုပ်ငန်း လုပ်ဆောင်ကြမည် ဖြစ်သည်။

သူတို့လက်ထပ်ပြီးသည့်နောက်၊ အသစ်သောကြင်သူနှစ်ဦး၊ ဇနီးမောင်နှံတို့သည် ဥပုသ်နေ့တွင် ဂျိုးဇက်ဘိတ်စ်၏ ပထမစာစောင်ကို အသေအချာ ဖတ်ရှုကြခဲ့သည်။ ၎င်းစာအုပ်ကို “သတ္တမနေ့ဥပုသ် - ထာဝရလက္ခဏာသက်သေ” The Seventh Day Sabbath: A Perpetual Sign ဟုခေါ်သည်။ ပျောက်ဆုံးနေသောပဟေဠိအပိုင်းအစများစွာ ကျန်ရှိနေသေးသည်၊ ထို့ကြောင့် ရာစုနှစ်များစွာ လျစ်လျူရှုခံထားရပြီးနောက် ဥပုသ်နေ့သည် အဘယ်ကြောင့်အရေးကြီးနေဆဲဖြစ်ကြောင်း ဤစာအုပ်သည် သူတို့အား အနည်းငယ်သာ ဖော်ပြပေးနိုင်ခဲ့သည်။ သို့သော် ၎င်းစာအုပ်၌ပါသောကျမ်းချက်များကို လေ့လာပြီးနောက်တွင်၊ သတ္တမနေ့သည် မှန်ကန်သောဥပုသ်နေ့ဖြစ်ကြောင်း ယုံကြည်လက်ခံခဲ့ကြသည်။





အကြောင်းပြချက်အားလုံးကို နားမလည်ဘဲ သမ္မာကျမ်းစာပြောဆိုရာကို လိုက်နာရန် လူဖြူများသည် တစ်ခါတစ်ရံ အခြားသူများ နည်းတူ ခေါ်ယူခြင်းခံခဲ့ရကြသည်။ ဘုရားသခင်၏စကားကို နားထောင်ရန် ရွေးချယ်ခဲ့ကြပြီး၊ မကြာမီတွင် သူတို့သည် ဥပုသ်နေ့ကို စောင့်ထိန်းလာခဲ့ကြသည်၊ သူတို့လေ့လာသိရှိခဲ့သောအရာများကို အခြားသူများအားလည်း ဝေငှခဲ့ကြသည်။

ခုနှစ်လကြာသောနောက်၊ ဘုရားသခင်သည် ဥပုသ်နေ့၏ အရေးကြီးကြောင်းကို အတည်ပြုလက်ခံရန် အယ်လင်ဝှိုက်အား ရူပါရုံပေးခဲ့သည်။ သူမသည် ကောင်းကင်ဗိမာန်တော်၌ ဘုရားသခင်၏ ပညတ်တော်ကိုမြင်ခဲ့သည်။ အလင်း၏ ရောင်ခြည်စက်ဝိုင်းသည် စတုတ္ထပညတ်ပတ်လည်တွင် တောက်ပနေပြီး၊ ၎င်းကို ဆယ်ပါးအနက် အတောက်ပဆုံး ဖြစ်စေခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် နားမထောင်မလိုက်လျှောက်ခြင်းမပြုမီ ကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မူသမျှကို နားလည်ရန် စောင့်ဆိုင်းသင့်ပါသလား။ အာဗြဟံသည် ဘုရားသခင်ကို အဘယ်သို့ နာခံလိုက်လျှောက်ခဲ့သ နည်း။ ဟေဗြဲဩဝါဒစာ ၁၁း၈-၁၀။

## ဗုဒ္ဓဟူးနေ့ ။ ဂြိုလ်များအကြောင်းနှင့်ပတ်သတ်၍ ရူပါရုံ ၄

လူဖြူများသည် ဘုရားသခင်၏ဥပုသ်နေ့ကိုစောင့်ထိန်းနေကြသည်ဟု ကြားသောအခါ ဂျိုးဇက်ဘိတ်စ်သည် ဝမ်းမြောက်ခဲ့ရမည်ဖြစ်သည်။ သို့သော် အယ်လင်ဝှိုက်၏ရူပါရုံများသည် ဘုရားသခင်ထံမှဖြစ်ကြောင်း သူမယုံကြည်နိုင်သေးပါ။

ဤအချိန်တွင် ဂျိုးဇက်ဘိတ်စ်သည် အယ်လင်ဝှိုက်နှင့် အကြိမ်များစွာတွေ့ဆုံခဲ့သည်။ သို့ပေမယ့် သူတို့မှာ တူညီသောအရာ အများကြီးမရှိခဲ့ပေ။ သူသည် ကမ္ဘာအနှံ့ရွက်လွှင့်ခဲ့ပြီး၊ ပင်လယ်ဓားပြများ၏ လိုက်လံဖမ်းဆီးခြင်းနှင့် ၁၈၁၂ စစ်ပွဲမတိုင်မီတွင် အင်္ဂလိပ်တို့၏ သိမ်းသွားခြင်းကို ခံခဲ့ရသောပင်လယ်မှူး (ကပ္ပတိန်) ဟောင်းတစ်ဦး ဖြစ်ခဲ့သည်။ အခြားတဖက်မှာ၊ အယ်လင်ဝှိုက်သည် ပညာရေးအားဖြင့် အတန်းသုံးတန်းသာတက်ခဲ့ရပြီး၊ နေအိမ်၌သာ သူမ၏အသက်တာအချိန်များစွာကို ကုန်ဆုံးခဲ့ရသော ငယ်ရွယ်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ဂျိုးဇက်ဘိတ်စ်၏ အလွန်စိတ်ဝင်စားသောအရာများထဲမှတစ်ခုမှာ နက္ခတ္တဗေဒပညာဖြစ်သည်။ ပင်လယ်ပြင်ထဲ၌ သူ၏သင်္ဘောတည်နေရာကို ရှာဖွေတွေ့ရှိရန်တစ်ခုတည်းသောနည်းလမ်းမှာ ကြယ်များကိုကြည့်ခြင်းဖြစ်သည်။ သူသည် သင်္ဘောရွက်လွှင့်ခြင်းမှ ထွက်ခွာသွားပြီးနောက်၌ပင် ညကောင်းကင်ယံကိုချစ်မြတ်နိုးသောသူဖြစ်ပြီး နောက်ဆုံးပေါ်တယ်လီစကုပ်များနှင့် နက္ခတ္တဗေဒ ပညာရှင်များတွေ့ခဲ့သည့်အရာများ ထိန်းသိမ်းစုဆောင်းခဲ့သည်။

တစ်နေ့မှာ ဂျိုးဇက်ဘိတ်စ်သည် နက္ခတ္တဗေဒပညာအကြောင်းနှင့်ပတ်သတ်၍ အယ်လင်ဝှိုက်အား စကားပြောရန် ကြိုးစားခဲ့သည်။ သို့သော် ဆွေးနွေးမှုများများ မလုပ်ခဲ့ချေ၊ အဘယ်ကြောင့်ဆိုသော် သူမမှာ သင်္ဘောသားဟောင်းပြောသောအကြောင်းအရာများ နှင့်ပတ်သတ်၍ ပြောစရာစကားမရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလ်လင်ဝှိုက်သည် မတူညီသောဂြိုဟ်များကို သူမ ရရှိခဲ့သော ရူပါရုံ ၌မြင်တွေ့သောအခါ၊ နောက်ပိုင်းတွင် ဂျိုးဇက်ဘိတ်စ်၏အံ့အားသင့်မှုကို သင်မြင်ယောင်ကြည့်နိုင်ပါသည်။ အရောင်ဖျော့ဖျော့ ပန်းနီရောင်နဲ့တစ်လုံးနှင့် လအများအပြားကို သူမ ဖော်ပြခဲ့သည်ကို သူသည် စိတ်ဝင်တစားနဲ့ နားထောင်ခဲ့သည်။ သူမသည် ဂျူပီတာ (Jupiter) ကို မြင်ခဲ့သည်ကို သူအသေအချာသိခဲ့သည်။ ထို့နောက် သူမသည် လ ပတ်လည်ရှိပတ်ပတ်လည်ကွင်းများရှိသည့် အခြားဂြိုလ်တစ်ခုကို ဖော်ပြခဲ့သည်။ သူမသည် ဆေတန်ဂြိုလ် (Saturn) ကိုဖော်ပြနေကြောင်း ဘိတ်စ်က သိခဲ့သည်။ ထို့နောက် သူမ ဖော်ပြချက်အရ၊ သူသည် အူးရနတ်စ် (Uranus) နှင့် ၎င်း၏လများနှင့် ကြယ်တံခွန်၏ကြီးမားသောနက်ပူလာကြယ်စု (Great Nebula of Orion) တို့ကို သိရှိခဲ့သည်။

ဂျိုးဇက်ဘိတ်သည် ယုံကြည်လက်ခံခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားသခင်သည် ဤမိန်းမငယ်ကို မိမိလူမျိုးအားလမ်းပြရန် အသုံးပြုနေသည်ဟု သူဘယ်တော့မှ သံသယမဖြစ်ခဲ့တော့ပါ။

**လက်တွေ့ကျင့်သုံးရန်။** တစ်ခါတစ်ရံ ဘုရားသခင်သည် ရိုးသား၍သံသယဝင်သူများကို အထူးအကူအညီပေးပါသလား။ သံသယဝင်သည့် မိမိ၏တပည့်တော်ဖြစ်သူ သောမတ်စ်ကို သခင်ယေရှုကူညီရာ၌ ဘာလုပ်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၂၀:၂၇။

## ကြာသပတေးနေ့ ။ ပရောဖက်အစစ်မှာ အဘယ်သူနည်း ၅

သူမသည် ဘုရားသခင်ထံမှ ရူပါရုံများလက်ခံရရှိသည်ဟု ပြောဆိုခဲ့သော ဆယ်ကျော်သက်အရွယ်မိန်းကလေးတစ်ယောက်ကို သိခဲ့သည်ဟု မြင်ယောင်ကြည့်ပါ။ သင် သူမကို ယုံကြည်မလား။ သင်သည် သူမကို ယုံကြည်သင့်သလား။ အယ်လင်ဝှိုက်၏ရူပါရုံများအကြောင်း ကြားသိသူများအတွက် ဤသည်မှာတကယ့်မေးခွန်းတစ်ခု ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့အတွက်လည်း အရေးကြီးသော မေးခွန်းဖြစ်သည်။ ထိုသို့ပြောဆိုသူများအကြောင်းနှင့် ပတ်သက်၍ သခင်ယေရှုသည် မည်သို့သတိပေးခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း၁၁။

နောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်သည် မိမိလူများကိုကူညီရန် အဘယ်အရာပြုလုပ်မည်ဟု မိန့်တော်မူထားသနည်း။ တမန်တော်ဝတ္ထု ၂း၁၇၊ ၁၈။ ယခုတွင် ဘုရားသခင်သည် သူ၏ပရောဖက်များနှင့် အဘယ်သို့ဆက်သွယ်ပြောဆိုလိမ့်မည်ဟု မိန့်တော်မူထားသလား။ တောလည်ရာကျမ်း ၁၂း၆။

သို့သော် ကျွန်ုပ်တို့သည် ပရောဖက်အတုအယောင်များကိုစေလွှတ်ခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်လုပ်ငန်းကို စာတန် အမြဲတမ်းတုပကြောင်းကို သတိရသင့်ပါသည်။ ထို့ကြောင့် တစ်ယောက်ယောက်က မိမိကိုယ်ကို ဘုရားသခင်ပရောဖက်ဖြစ်သည်ဟု ဖော်ပြသောအခါ၊ လှည့်ဖြားခြင်းမှ အဘယ်သို့ရှောင်နိုင်မည်နည်း။ အဘယ်သူသည် ပရောဖက်အမှားနှင့် အဘယ်သူသည် ဘုရားသခင်ထံမှ ပရောဖက်အစစ်အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့အသေအချာအဘယ်သို့သိနိုင်မည်နည်း။ ကျေးဇူးတင်စရာမှာ ကျွန်ုပ်တို့သည် အခြားတစ်ယောက်ယောက်၏ ထင်မြင်ချက်အတွေးအခေါ်နောက်လိုက်ဖို့ရန် သို့မဟုတ် ခန့်မှန်းဖို့ရန် မလိုအပ်ပေ။ ပရောဖက်ဖြစ်သည်ဟု မိမိကိုယ်ကိုဖော်ပြသူ မည်သူမဆိုကို စမ်းသပ်စစ်ဆေးရန် သမ္မာကျမ်းစာက ရှင်းရှင်း လင်းလင်းဖော်ပြထားသည်။

ပထမစစ်ဆေးချက်မှာ၊ ဘုရားသခင်သည် အနာဂတ်တွင် ဘာဖြစ်ပျက်မည်ကို မိမိပရောဖက်တို့အား တစ်ခါတစ်ရံပြောပြလေ့ရှိသည်။ စစ်မှန်သောပရောဖက်တစ်ယောက်၏ ကြိုတင်ဟောထားချက်များသည် အမြဲတမ်းဖြစ်ပျက်လာလိမ့်မည်။ တရားဟောရာကျမ်း ၁၈း၂၁၊ ၂၂။ သို့သော် အချို့သောကြိုတင်ဟောထားချက်များသည် လူတို့၏ ဘုရားသခင်ကိုနာခံခြင်းအပေါ် မူတည်သည်ဆိုသောအချက်ကို သတိရပါ။ ယေရမိအနာဂတ္တိကျမ်း ၁၈း၇-၁၀။

ပရောဖက်များသည် ဤဒုတိယစစ်ဆေးချက်ကိုလည်း အောင်မြင်ရမည်ဖြစ်သည်။ သူတို့၏လုပ်ဆောင်ခြင်း၏အသီး သို့မဟုတ် ရလဒ်မှာ အဘယ်နည်း။ တရားဟောရာကျမ်း ၁၃း၁-၄။ ပရောဖက်ဖြစ်သည်ဟုဆိုသော သူ၏ဘဝအသက်တာသည် ဘုရားဝတ်၌မွေ့လျော်သောသူ၊ လောကီပုံသဏ္ဍာန်ဖြစ်သောသူ ဟုတ်မဟုတ်ကို ကျွန်ုပ်တို့သည်လည်း ရှာဖွေစစ်ဆေးသင့်ပါသည်။ ဘုရားသခင်သည် မိမိ၏သတင်းစကားကိုပေးပို့ရန် မည်သည့်လူအမျိုးအစားကို အသုံးပြုသနည်း။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၁း၂၁။ သို့သော် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဖြောင့်မတ်သောသူ သို့မဟုတ် ဟန်ဆောင်သောသူသာဖြစ်ကြောင်းကို ကျွန်ုပ်တို့ ချက်ချင်း ပြောနိုင်ပါသလား။ ရှင်မဿဲခရစ်ဝင် ၇း၁၅။

တတိယစစ်ဆေးချက်မှာ အလွန်အရေးကြီးသောနောက်မေးခွန်းတစ်ခုဖြစ်သည်၊ ရူပါရုံများနှင့် သတင်းစကားများသည် သမ္မာကျမ်းစာသွန်သင်ချက်များနဲ့ ကိုက်ညီပါသလား။ မည်သူမဆို ဘုရားသခင်၏ ပညတ်တော် (သို့) သမ္မာကျမ်းစာကို မနာခံရန်ပြောသည့် သတင်းစကားကို ပရောဖက်အား ဘုရားသခင်သည် ဘယ်သောအခါမျှ မစေလွှတ်ပါ။ ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀။ စစ်မှန်သော ပရောဖက်သည် အပြစ်ကို လွတ်ခွင့်မရပေ။ ယေရမိအနာဂတ္တိကျမ်း ၂၃း၁၆၊ ၁၇။